မြန်မာနိုင်ငံသားများဘဏ်လီမိတက်
(၂၆)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး
ဖိတ်ခေါ်သည့် နို့တစ်စာ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ(၇၆)နှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းပါ စည်းမျဉ်း(၄၇)၊(၄၈)နှင့်(၄၉) တို့နှင့်အညီ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို အောက်ပါကိစ္စများ ဆောင်ရွက်ရန် အလို့ငှာ **၂၀၁၈ခုနှစ် ၊ စက်တင်ဘာလ (၂၂)ရက် (စနေနေ့) ၊ နံနက်(၉:၀၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ SULE SHANGRILA HOTEL** ၌ ကျင်းပမည့် အစည်းအဝေး ဖိတ်ခေါ်သည့် နို့တစ်စာကို ပေးပို့အပ်ပါသည် -

(က) ၂၀၁၇ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၁၈ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ ကာလအတွက် စာရင်းရှင်းတမ်းနှင့်တကွ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို တင်သွင်း ခြင်း။

(ခ) ဘဏ်၏ စာရင်းများကို စစ်ဆေးခဲ့သော ပြင်ပစာရင်းစစ် ဦးမိုးကျော် (Win Thin & Associate) ၏ စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားခြင်း။

(ဂ) အမြတ်ဝေစုများကို ကြေညာခြင်း။

(ဃ) အစုရှယ်ယာရှင် ဒါရိုက်တာများ နှုတ်ထွက်ကြောင်း ကြေညာခြင်းနှင့် ၂၀၁၈ ဘဏ္ဍာနှစ်ဝက် နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြန်လည်ရွေးကောက် တင်မြှောက်ခြင်း။

(င) ပြင်ပစာရင်းစစ် ခန့်အပ်ခြင်း။ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်)

ညွှန်ကြားချက်အရ

(ဒေါက်တာသောင်းဟန်)
အမှုဆောင်အရာရှိချုပ်

စာအမှတ်၊ စမ - ၃ (၂၀၁၈) / ၁၆၇၈

ရက်စွဲ ၊ ၂၀၁၈ခုနှစ်၊ သြဂုတ်လ (၂၃)ရက်

မှတ်ချက်။ (၁) သင်းဖွဲ့စည်းမျဉ်း၏စည်းမျဉ်း(၆၈)အရ အစည်းအဝေးတက်ရောက်၍ မဲပေးနိုင်ခွင့်ရှိသည့် အစုရှယ်ယာရှင်တစ်ဦးသည် မိမိ၏ ကိုယ်စား အစည်းအဝေးသို့ တက်ရောက်မဲပေးနိုင်ပါသည်။

(၂) အစုရှယ်ယာ ပိုင်ဆိုင်ထားသူတစ်ဦးအား ကိုယ်စားခန့်ထားနိုင်ခွင့်ရှိပါသည်။ အလွယ်တကူ တာဝန်ပေးခန့်အပ်နိုင်ရန် ပုဂ္ဂိုလ်တစ်ချို့၏ စာရင်းကို ပူးတွဲပေးပို့ပါသည်။

(၃) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပထမစာရင်းဇယား (က)၏ စည်းမျဉ်း (၆၆)နှင့် (၆၇)တို့နှင့်အညီ ကိုယ်စားခန့်စာ ပုံစံကို ပူးတွဲပေးပို့ပါသည်။

ကိုယ်စားခန့်စာကို -

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊အမှတ်(၂၅၆/၂၆၀)၊ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ **၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့၊ (၁၆:၃၀)နာရီ** နောက်ဆုံးထား အရောက်တင်သွင်းပြီးဖြစ်ရပါမည်။

(၄) လိုအပ်သလို ဖတ်ရှုလေ့လာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ ပူးတွဲပေးပို့အပ်ပါသည်။

(၅) ဤဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၅၇)အရ (၂၆)ကြိမ်မြောက် အထွေထွေ အစည်းအဝေးကြီးကျင်းပရန် သတ်မှတ်ထားသည့်အချိန်၌ အစည်းအဝေးထ မြောက်ရမည့် အစုရှယ်ယာရှင်ဦးရေ မပြည့်မှီပါက မိနစ်(၃၀)သာ စောင့်ဆိုင်းပြီး၊ ထိုအချိန်အထိလည်း အစည်းအဝေးထမြောက်ရမည့် အစုရှယ်ယာဦးရေမပြည့်လျှင် အစည်းအဝေးကို တူညီသောနေ့၊ တူညီသောအချိန်၊ တူညီသော နေရာ၌ပင် နောက်ထပ်ရက်သတ္တပတ်သို့ ရွှေ့ဆိုင်းရမည်ဖြစ်ပါ၍ ကိုယ်စားမဲပေးသူအဖြစ် ခန့်အပ်ခံရသော အစုရှယ်ယာရှင်များ **အချိန်မီ ကြွရောက်ပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

(၆) ဘဏ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းလိုသည့် ကိစ္စရပ်များရှိပါက **၁၉ - ၉ - ၂၀၁၈ ရက်နေ့၊ (၁၆:၀၀)နာရီ** နောက်ဆုံးထား၍ အတွင်းရေးမှူးထံ မေးခွန်းလွှာများ ပေးပို့ရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ကိုယ်စားခန့်စာ ပုံစံ

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အစုရှယ်ယာရှင် တစ်ဦးဖြစ်သူ ကျွန်ုပ် ဦး / ဒေါ် ----------၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ----------၊ နေရပ်လိပ်စာ ---------- သည် အောက်တွင်ဖော်ပြထားသည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အစုရှယ်ယာရှင်များအနက်မှ တစ်ဦးဖြစ်သူအား ၂၀၁၈ခုနှစ် ၊ စက်တင်ဘာလ (၂၂)ရက် (စနေနေ့) တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင်ဖြစ်စေ၊ ထိုအစည်းအဝေးအား ရက်ရွှေ့ပြောင်းကျင်းပသည့် အစည်းအဝေးတွင်ဖြစ်စေ၊ ကျွန်ုပ်အတွက်လည်းကောင်း၊ ကျွန်ုပ်၏ကိုယ်စားလည်းကောင်း မဲပေးရန် ကျွန်ုပ်၏ကိုယ်စား ခန့်အပ်သူအဖြစ် ခန့်အပ်ပါသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ( )ရက်နေ့တွင် လက်မှတ်ရေးထိုးပါသည်။

အစုရှယ်ယာရှင် ကိုယ်စားလှယ်များ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	ရွေးချယ်မှု
၁။	ဒေါက်တာသောင်းဟန်	(၉/မရမ(နိုင်)၀၆၃၃၃၈)	( )
၂။	ဦးသန်းဝင်းရွှေ	(၁၂/ဗတထ(နိုင်)၀၁၂၄၂၅)	( )
၃။	ဦးတင့်လွင်	(၁၂/ပဇတ(နိုင်)၀၁၁၆၃၂)	( )
၄။	ဒေါ်ဆွေဆွေမြင့်	(၁၂/သကတ(နိုင်)၀၀၆၄၄၁)	( )
၅။	ဒေါ်မီမီကျော်	(၁၂/သယက(နိုင်)၀၆၃၅၅၈)	( )
၆။	ဦးဘသန်း	(၁၂/ကတန(နိုင်)၀၅၇၄၅၁)	( )
၇။	ဒေါ်ညိုညိုကြိုင်	(၁၂/ကတန(နိုင်)၀၂၁၁၀၇)	( )
၈။	ဒေါ်ချိုချိုအေး	(၈/အမန(နိုင်)၀၂၄၃၂၃)	( )
၉။	ဒေါ်ဆွေဆွေလှိုင်	(၉/အမရ(နိုင်)၀၅၁၃၃၆၂)	( )
၁၀။	ဒေါ်သီတာ	(၉/မနတ(နိုင်)၀၈၈၆၉၄)	( )
၁၁။	ဦးဇော်ဝင်း	(၁၂/မဘတ(နိုင်)၀၀၄၅၅၃၁)	( )
၁၂။	ဒေါ်စုဝင်းမြတ်	(၁၄/ဟသတ(နိုင်)၀၀၁၁၃၂)	( )
၁၃။	ဒေါ်အမာချို	(၅/မရန(နိုင်)၀၀၁၅၃၃)	( )

(ခန့်အပ်သူ)

(၁) ပိုင်ဆိုင်သည့် အစုရှယ်ယာအမှတ်စဉ်

( ) မှ ( ) ထိ

(၂) ပိုင်ဆိုင်သည့် အစုရှယ်ယာပေါင်း ( )

မှတ်ချက်။ (၁) မိမိခန့်ထားလိုသည့် ကိုယ်စားလှယ်တစ်ဦး၏ အမည်စာရင်းတွင် (✔) အမှတ်အသားကို ပြုလုပ်၍ ဘဏ်သို့ပေးပါရန်။

(၂) လွှဲအပ်သူသည် ကုမ္ပဏီ (သို့မဟုတ်) အသင်းအဖွဲ့ဖြစ်ပါက ၎င်း၏ တံဆိပ်တုံးရိုက်နှိပ်၍ လက်မှတ်ရေးထိုးပါရန်။

(၃) ကိုယ်စားမဲပေးခွင့်ပြုသည့်စာကို ၁၉-၉-၂၀၁၈ ရက်နေ့၊ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ ဤဘဏ်သို့ အရောက်ပေးပို့ပါရန်။

Scanned by CamScanner